ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)


ကုလားတန်းကျေးရွာ၊ ကုလားတန်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................................................................ 2
၂။ကုလားတန်းအုပ်စုမြေပုံ ........................................................................................ 3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ........................................ 4
၄။ကျေးရွာအခြေခံအချက်အလက်များ ........................................................................ 5
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ............... 6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. 7
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ................. 23
၈။ကျေးရွာကော်မတီဝင်များစာရင်း.........................................................................26
၉။ပုံစံ-၁။ကျေးရွာအချက်အလက်.............................................................................27
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .................................................... ...30
၁၁။အစည်းအဝေးမှတ်တမ်းများ ................................................................................ 32
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)....................................... 35

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကုလားတန်းအုပ်စုမြေပုံ


ကုလားတန်းကျေးရွာအုပ်စု အခြေပြမြေပုံ
မြောက်
တောင်
စကေး (၁:၅)လက်မ ၊ တစ်မိုင်
ကမာကလုတ်ကျေးရွာအပိုင်
ကရင်ချောင်ကျေးရွာ
အပိုင်
တော်ကလုတ်
ကျေးရွာခွဲ
ကုလားတန်းကျေးရွာ
ရည်ညွှန်းချက်
ဘုရား
မုတ္တမပင်လယ်ကွေ့

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ။

၁။ကုလားတန်းကျေးရွာ

၂။ တော်ကလုပ်ကျေးရွာ

၃။ ရွှေပြည်သစ်ကျေးရွာ

၄။ သံတဲကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကုလားတန်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၄) မိုင်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၈၀)ကျော်က တံငါလုပ်ငန်း လုပ်ကိုင်သော ဟိန္ဒူကုလားအများစုနေထိုင်ခဲ့ခြင်းကို အစွဲပြု၍ ခေါ်ဝေါ်ခဲ့ခြင်းမှ စတင်ကာ ကုလားတန်း ကျေးရွာဟု ယခုအချိန်ထိ အမည်ခေါ်တွင်ခဲ့ခြင်းဖြစ်ပါသည်။ ကုလားတန်းကျေးရွာတွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဟု ဘာသာ(၂) မျိုးကိုးကွယ်ကြပါသည်။ ကျေးရွာစတင်တည်စဉ်က အိမ်ခြေ ၂၀ ကျော်သာရှိခဲ့ပြီး ယခုအခါတွင်အိမ်ထောင်စု (၆၇၅ )ထိ တိုးတက်လာခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၂၅ | ၃၈ | ၆၂ | ၁၀၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၉၂ | ၅၂ | ၆၇ | ၁၁၉ |
| မြေယာမဲ့ | ၁၂၈ | ၂၂၁ | ၂၈ | ၂၄၉ |
| မသန်စွမ်း | ၃ | ၃ | - | ၃ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက်၊ဘဲ | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | ဆိုင်ကယ်ဂပ်ရှော့ |
| | ဆိတ် | ဈေးဆိုင် | ရေလုပ်ငန်း |
| | | စပါးအရောင်းအဝယ် | သဘော်တက် |
| | | ပဲတည်စိမ်းရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၂၁၇.၇၈ | - | - | မရှိ | -/၅ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်/ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၅ | ၁၅ | ၄ | ၈ | ၇၅ | ၂၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀ | ၃၅၀ | ၃၅၀ | ၄၀ | ၁၈၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၅၀ ၊ ၂၅၀ | ၉၅ | ၁၀ | ၂၅ | ၇၅ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| . | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ ကျား | တက်ရောက်သူ မ | တက်ရောက်သူ ပေါင်း | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၄၃ | ၁၂၇ | ၂၂၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | . | ၉ | ၁၇ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၁၄-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၉၃ | ၁၂၇ | ၂၂၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၁၅-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၈ | ၂၀ | ၄၈ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၅-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၈ | ၂၀ | ၄၈ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၅-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈ | ၉ | ၁၇ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့်ရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်




**သုံးသပ်ချက်**

ကုလားတန်းအုပ်စု၊ ကုလားတန်းကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု ၆၇၅ စုဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာ ၏ကျန်းမာရေးအခက်အခဲများတွင် ကျေးရွာကျန်းမာရေးဌာနခွဲ တွင်ဆေးကုသခံယူ၍ အရေးပေါ်ကျန်းမာရေး အခက်အခဲများတွင် ကျောက်တန်း

နှင့် ရန်ကုန်သို့သွားရောက်၍ဆေးကုသခံယူရပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူရွာသားများအားလုံး ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကို ကိုးကွယ်ကြပါသည်။

ကုလားတန်းကျေးရွာ၏ မြောက်ဘက်တွင် တော်ကလုပ်ကျေးရွာ၊ တောက်ဘက်တွင် ရွှေပြည်သစ်ကျေးရွာ၊ အရှေ့ဘက်တောင်ဘက်တွင်အေးချမ်းသာ ကျေးရွာ၊ အနောက်ဘက်တွင်သံတဲ ကျေးရွာ တို့ဖြင့် နယ်နမိတ်ထိစပ် နေပါသည်။ ကုလားတန်းကျေးရွာသည် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၈ ပေအမြင့်တွင် တည်ရှိပါသည်။ ကျေးရွာအတွင်း သောက်သုံးရေကန် (၅)ကန်ရှိပြီး တိရစ္ဆာန်များဝင်ရောက်၍ မစင်များမစွန့်ရန်နှင့် ကလေးငယ်များ အန္တရာယ်ကင်းရန် အတွက် ရေကန်ခြံစည်းရိုး မရှိခြင်းကြောင့် ရေကန်ခြံစည်းရိုးခတ်ရန် လိုအပ်ပါသည်။ ရွာသူ/ရွာသားများ အများစု ကိုယ်ကွယ်သည့် ဘုန်းတော်ကြီးကျောင်းလည်းရှိပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ကြပြီး မြေနိမ့်ဖြစ်သောကြောင့် မိုးရာသီတွင် ရေထဲမှ သွားရခြင်းကြောင့်မြေဖို့၍ မြေသားလမ်းပြုလုပ်ပါကလည်း ရေတိုက်စားသည့်အတွက် ထိုလမ်းအား ကွန်ကရစ်လမ်းပြုလုပ်ရန်နှင့် ရေနုတ်မြောင်းများဖော်ရန်လိုအပ်ပါသည်။ ရွာသားများအားကစားပြုလုပ်ရန် ကျန်းမာရေးအတွက်နှင့် ကလေးများကိုယ်ခန္ဓာသန်စွမ်းရန်အတွက် ဆော့ကစားရန်ဘောလုံးကွင်းရှိပါသည်။ ကလေးငယ်များပညာရေးတွင် အလယ်တန်းကျောင်းရှိပါသည်။ ကျန်းမာရေးဌာနခွဲလည်းရှိပါသည်။ ကျေးရွာ ၏လူမှုရေး၊ ဘာသာရေးအစရှိသဖြင့် တိုင်ပင်ဆွေးနွေးရန် အုပ်ချုပ်ရေးမှူးရုံးလည်းရှိပါသည်။

### ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်





**သုံးသပ်ချက်**

ကုလားတန်းကျေးရွာတွင် အလွန်ပြေလည်သောအုပ်စု၊ ပြေလည်သောအုပ်စုနှင့်၊ နွမ်းပါးသော အုပ်စုဟူ၍ အုပ်စု(၃)ခုဖြင့် ဖွဲ့စည်းထားသည့်ရွာတစ်ရွာဖြစ်ပါသည်။ အလွန်ပြေလည်သော အုပ်စုမှာ အိမ်ထောင်စု (၄၀)စုရှိ၍ (၈%)ရှိပါပြီး ပိုင်ဆိုင်ထားသော အရင်းအမြစ်များမှာ တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုး၊ ကား၊ ဆိုင်ကယ်၊ လယ်(၂၀)ကေအထက်၊ ဆန်စက်၊ စပါးရိတ်စက်၊လယ်ထွန်စက်၊ ရေခဲသေတ္တာ၊TV၊ ဖုန်းနှင့်၊ အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ပြေလည်သော အိမ်ထောင်စုမှာ (၉၇)စုနှင့်(၂၀%)ရှိပြီး ပိုင်ဆိုင်မှုများမှာ သွပ်မိုး၊ ပျဉ်ကာ/ပျဉ်ခင်း၊ လယ်(၂၀)ကေအောက်၊ ဆိုင်ကယ်၊ ဖုန်းနှင့် TV တို့ကို ပိုင်ဆိုင်ထားပါသည်။ အလွန်နွမ်းပါးသောအုပ်စုမှာ အိမ်ထောင်စုမှာ(၃၄၈)စု နှင့် (၇၂%)ရှိပါသည်။ ၄င်းတို့ပိုင်ဆိုင်ထားသော အရာများမှာ ဓနိမိုး၊ ဝါးထရံကာအိမ်၊ စက်ဘီးတို့ကို ပိုင်ဆိုင်ထားပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း






## သုံးသပ်ချက်

**ထိန်းချုပ်မှု** -ကုလားတန်းကျေးရွာတွင်းရှိ အရင်းအမြစ်များဖြစ်ကြသော ရေခဲစက်အသေး၊ ဘောလုံးကွင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ကား၊ နွား၊ လယ်၊ လယ်ထွန်/ရိတ်စက်၊ ဆန်စက်၊ ရေသယ်ယာဉ်၊ အပ်ချုပ်စက်၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ သောက်သုံးရေကန်၊ ဆိုင်ကယ်/စက်ဘီး၊ အိမ်/ခြံဝင်း၊ စာကြည့်တိုက် စသည်တို့အားကျေးရွာရှိအမျိုးသားများမှ ထိန်းချုပ်ထားသည်ကို တွေ့ရှိရပါသည်။

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ရေခဲစက်အသေး၊ ဘောလုံးကွင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ကား၊ နွား၊ လယ်၊ လယ်ထွန်/ရိတ်စက်၊ ဆန်စက် စသည်တို့ကို အမျိုးသားများမှ အသုံးပြုပါသည်။ ရေသယ်ယာဉ်၊ အပ်ချုပ်စက်၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်းစသည့် အရင်းအမြစ်များအား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ သောက်သုံးရေကန်၊ ဆိုင်ကယ်/စက်ဘီး၊ အိမ်/ခြံဝင်း၊ စာကြည့်တိုက် စသည်တို့ကို အသုံးပြုကြပါသည်။

### ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

**ရာသီဥတု** -တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသိုလ်၊ တပို့တွဲ၊ တပေါင်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း ၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

**ကျန်မာရေး** -တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ လများတွင် ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်၍ တော်သလင်း၊ သီတင်းကျွတ်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း တန်ဆောင်မုန်းလများတွင် ကျန်းမာရေးကောင်းမွန်ပြီး ရာသီဥတု အကူးအပြောင်းကာလများတွင် ဖျားနာမှုများရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး-** လမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် ဖုန်ထ၍ မိုးသုံးရာသီတွင် ရွှံ့ဗွက်များထပြီးသွားရေးလာရေးခက်ခဲပါသည်။

**စိုက်ပျိုးရေး** -နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။


**မွေးမြူရေး** - တနစ်ပတ်လုံး ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စသည်တို့ကို တနိုင်တပိုင်မွေးမြူကြပါသည်။

**အလုပ်သမားရှားပါးမှု** - ကျေးရွာအတွင်းရှိ အလုပ်သမားများသည် ရာသီနစ်ပတ်လုံး အသင့်အတင့် ရှိပါသည်။

**ပွဲတော်များ** - တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ ဝါဆိုလတွင် ဆွမ်းလောင်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ နတ်တော်လတွင် ကထိန်ပွဲ၊ ပြာသိုလတွင် မင်္ဂလာဆောင် ပွဲများ၊ တပေါင်းလတွင် အလှူပွဲများကျင်းပကြပါသည်။

**ဝင်ငွေရရှိမှု** - တန်ခူး၊ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင်ဝင်ငွေကောင်း၍ ကဆုန်၊နတ်တော်၊ ပြာသို၊ တပို့တွဲလတွင် အသင့်အတင့်ရှိ၍ ဝါခေါင်လတွင် ဝင်ငွေရရှိမှုမှာနည်းပါးပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်



**သုံးသပ်ချက်**

**အရင်းအမြစ်အသုံးပြုမှု** -အမျိုးသားများမှ အရင်းအမြစ်အားအသုံးပြုမှု ပိုများပြီး အမျိုးသမီးများမှာ အသုံးပြုမှုလိုနေသေးကြောင်းတွေ့ရပါသည်။

**ရပ်ရေးရွာရေးတွင် ပါဝင်မှု**-အမျိုးသမီးများသည် ပါဝင်မှုအားကောင်းပြီး အမျိုးသားများမှာ ပါဝင်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** - ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင်အလမ်းမှာခြားနားမှုမှာ အနည်းငယ်သာရှိပါသည်။

**ဘဝလုံးခြုံမှု** -အမျိုးသမီးများနှင့် အမျိုးမီးများ၏ ဘဝလုံခြုံမှုတွင် တန်းတူ ရှိသည်ကို တွေ့ရှိရပါသည်။


**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု**- အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကိုလဲ တွေ့ရှိရပါသည်။

**ပညာတတ်မြောက်မှု** -အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေး တတ်မြောက်မှုတွင် ကွာခြားမှု မရှိသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်** -ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** -အမျိုးသားများ သည် အမျိုးသမီးများထက် ဝင်ငွေ ရရှိသည်ကို တွေ့ရှိရပါသည်။

## ၆။ ဗင်းပုံစံ သုံးသပ်ချက်



## သုံးသပ်ချက်

ကျေးရွာအတွင်းရှိ သာသနဂ္ဂဟနှင့် သက်ကြီးရွယ်အိုအသင်းသည် ကျေးရွာ၏ ဘာသာရေး ရေရှည်တည်တံ့ပြန့်ပွားစေရန်အတွက် ဆောင်ရွက်ခြင်း၊ မီးလင်းရေးအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ရေကော်မတီ၊ မိဘဆရာအသင်း တို့သည် ကျေးရွာ ရပ်ရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြပြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာ၏ ကလေးများပညာရေးမြှင့်မားစေရန် ဆောင်ရွက်လျှက်ရှိပါသည်။ အမျိုးသမီးရေးရာနှင့် ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ အမျိုးသမီးများ၏ လုံခြုံရေး ရှိရန်အတွက် ဆောင်ရွက်လျှက်ရှိပါသည်။ ပြည်သူ့စစ်၊ ကြက်ခြေနီ၊ အရန်မီးသတ် အဖွဲ့တို့သည် ကျေးရွာ၏ လုံခြုံရေးအတွက် ဆောင်ရွက်လျှက်ရှိပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် မိဘဆရာ အသင်းတို့သည် ကလေးများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်လျက်ရှိပါသည်။ မြစိမ်းရောင် အဖွဲ့ကျေးရွာ၏ လည်ပတ်ရန်ပုံငွေ အဖြစ်အသုံးပြုရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ စိုက်/ထွေ အဖွဲ့သည်လည်း လယ်/ယာသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးတွင်လိုအပ်သည့်ဓါတ်မြေဩဇာနှင့် ဆေးပစ္စည်းများ ထောက်ပံပေးပြီး သီးနှံပေါ်ချိန်မှပြန်ပေးရန် အတွက် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။

ကျေးရွာပြင်ပတွင်ရှိသော အဖွဲ့အစည်းဖြစ်သည့်မြို့နယ်ကြက်ခြေနီအဖွဲ့သည် ကျေးရွာ၏ ကြက်ခြေနီအဖွဲ့အား ကျန်းမာရေးအတွက် အကူအညီပေးခြင်း၊ သင်တန်းများပေးခြင်းများပြုလုပ်ပေး လျှက်ရှိပါသည်။ လျှပ်စစ်မီးလင်းရေးအတွက်လည်း မြို့နယ် EPC ရုံး နှင့် ဆက်သွယ်ဆောင်ရွက် လျှက်ရှိပါသည်။ ကျေးရွာ ကျန်းမာရေး အခက်အခဲများတွင်လည်း မြို့နယ်ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျှက်ရှိပါသည်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်စောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာသည် ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျှက် ရှိပါသည်။ ဆည်မြောင်းဦးစီးဌာန သည်လည်းကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ကာ မြောင်းများမတိမ်ကောရန်အတွက် ဆောင်ရွက်လျှက်ရှိပါသည်။ ပညာရေးမှူးရုံးနှင့်လည်း ကျေးရွာ ပညာရေး မြှင့်မားရန်အတွက် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သည်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေပါသည်။ ငါးဦးစီး ၊ တိမွေးကု၊ စသည့်အဖွဲ့များသည် လည်းကျေးရွာနှင့်ချိတ်ဆက်ဆောင်ရွက်နေပါသည်။ မြို့နယ်သမဘဏ်၊စိုက်ဘဏ် တို့သည် ကျေးရွာရှိတောင်သူလယ်သမားများ ဝင်ငွေလည်ပတ်ရန်အတွက်လည်း ချိတ်ဆက် ဆောင်ရွက်နေပါသည်။စာရင်းစစ်ရုံး၊ အခွန်ရုံး၊မြေစာရင်း စသည့်ဖွဲ့အစည်းများသည်လည်းကျေးရွာနှင့် ချိတ်ဆက်ဆောင်ရွက်နေပါသည်။ မြို့နယ်မီးသတ်သည်လည်း ကျေးရွာ မီးဘေးအန္တရာယ်ကင်းရှင်းရေး အတွက်လည်း ကျေးရွာနှင့်ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ မြို့နယ်အုပ်ချုပ်ရေးရုံးသည်လည်း ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး အစရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ဖို့ရန်ကျေးရွာနှင့် ချိတ်ဆက်ဆောင်ရွက်

နေပါသည်။ သသနာ့ နဂ္ဂဟ အသင်းနှင့်လည်းကျေးရွာ၏ သာသနာပြန့်ပွားရေး၊ သာသနာရေရှည်တည်တံ့ရန်အတွက် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များ ဖော်ထုတ်ခြင်း၊ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအားမဲပေး၍ ရွေးချယ်ခြင်းနှင့် ၊ စီမံကိန်းလုပ်ငန်းများအားဦးဆောင်ဆောင်ရွက်မည့် ကော်မတီဝင်များအား မဲပေး၍ ရွေးချယ်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၆.၇.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဟံဝင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်သဲစုမော် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးသန့်ဇင်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဝင်းလှိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ပြည့်စုံဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးခင်ပိုက် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်စန်းမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးသောင်းဟန် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးကျော်သူရ | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးခင်ရွှေ | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်မေသူဇာမော် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးထွန်းငြိမ်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်ခင်မျိုးနွယ် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးသူရဟန် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်ဆန်းထွေး | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်လွင်လွင်ချို | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်သဇင်ဖူးဝေ | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဦးဝင်းဖေ | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၁၀ ယောက် + ၈ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဒေါ်သဲစုမော်　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
ဦးဟံဝင်း　　ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်အေးအေးမြိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၀ / ၄ /၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအောင်မြင့် | 09-796669335 | [illegible] |

ပြည်နယ်/တိုင်းဒေသကြီး ကရင် မြို့နယ် ကျောက်တန်း ကျေးရွာအုပ်စု ကုလားတန်း ကျေးရွာ ကုလားတန်း

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၆၀ | ဘာသာ (၁) ဗုဒ္ဓ | ၄၆၀ |
| လူမျိုးစု (၂) ဟိန္ဒူ | ၂၉ | ဘာသာ (၂) ဟိန္ဒူ | ၂၉ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - ၃ | | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၅၂ မ - ၆၇ | ။ | ၉၂ |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၀၁၉ | ၁၀၁၀ |
| လူမျိုးစု (၁) ဗမာ | ၉၇၇ | ၉၄၈ |
| လူမျိုးစု (၂) ဟိန္ဒူ | ၃၈ | ၆၂ |
| လူမျိုးစု (၃) ---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၉၂ | ၃၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ဝေဝေဖြိုး | |
| နေ့စွဲ 15 · 8 · 2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |
| ပြည်နယ် / တိုင်း ရခိုင် မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု [illegible] ကျေးရွာ |

 က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး မိုးတွင်းကာလခက်ခဲခြင်း | ၁ | ရေကန်များ သန့်ရှင်းမှု လိုအပ်ခြင်း |
| ၂ | သောက်/သုံးရေ လုံလောက်မှုမရှိခြင်း | ၂ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| ၃ | မိုးရာသီတွင် ရေပိတ်ဆို့မှုဖြစ်ခြင်း | ၃ | သောက်/သုံးရေ လုံလောက်မှုမရှိခြင်း |
| ၄ | သောက်သုံးရေ ရေကန်များ သန့်ရှင်းရန်လိုအပ် | ၄ | မိုးရာသီတွင်ကျေးရွာအတွင်းရေပိတ်ဆို့မှုဖြစ်ခြင်း |
| ၅ | စာသင်ကျောင်းဆောင် လုံလောက်မှုမရှိခြင်း | ၅ | ရေကန်တစ်ခုတိုးချဲ့ရန်လိုအပ်ခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသားအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းများ ပိုမိုကောင်းမွန်လာမည် | ၁ | ရေကန်များ ဖြည့်စည်းပြီး ရေများရရှိလာမည် |
| ၂ | သောက်/သုံးရေ လုံလောက်မှုရှိလာမည် | ၂ | လမ်းများကောင်းလာမည် |
| ၃ | ရေဆိုး ရေလာကောင်းလာမည် | ၃ | သောက်သုံးရေ လုံလောက်မှုရှိလာမည် |
| ၄ | သောက်/သုံးရေကန်များ ဖြည့်စည်းပြီးရှိလာ | ၄ | ရေနုတ်မြောင်းများ ကောင်းမွန်လာမည် |
| ၅ | စာသင်ကျောင်းဆောင် လုံလောက်လာမည် | ၅ | သောက်သုံးရေများ လုံလောက်စွာရရှိလာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ရွာလယ်လမ်း (ကွန်ကရစ်ခင်း) | ကျား + မ | 60000,000 | ၂၀၂၄ |
| ၂ | ဘုန်းကြီးကျောင်းလမ်း ( ) | ကျား + မ | 3900,0000 | ၂၀၂၄ |
| ၃ | ရေကန်တူးဖော်ခြင်း | ကျား + မ | 9000,0000 | ၂၀၂၄ |
| ၄ | ရေနုတ်မြောင်း | ကျား + မ | 4000,0000 | ၂၀၂၄ |
| ၅ | ရေကန်ဖြည့်စည်းခြင်း | ကျား + မ | 9000,0000 | ၂၀၂၄ |
| ၆ | ရေကန်တိုးချဲ့ရန် | ကျား + မ | 9000,0000 | ၂၀၂၄ |
| ၇ | ရွာချင်းဆက်လမ်း | ကျား + မ | 8000,000 | ၂၀၂၄ |
| ၈ | စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | ကျား + မ | 9000,0000 | ၂၀၂၄ |
| ၁၀ | ဆေးခန်း တိုးချဲ့ရန် | မ | 2000,000 | ၂၀၂၄ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | [illegible] | မ | |
| ၂။ | စိုက်ပျိုးရေးနည်းပညာ | ကျား+မ | |
| ၃။ | စပါးမျိုးကောင်းမျိုးသန့် | ကျား | |
| ၄။ | မွေးမြူရေးလုပ်ငန်း | ကျား+မ | |
| ၅။ | အလုပ်ကိုင်အခွင့်အလမ်း | ကျား+မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- ဦးဟံဝင်း လက်မှတ်- ------ နေ့စွဲ- ၁၅.၂.၂၀၁၇

၁၁။ အစည်းဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ကျေးရွာ | လူသားအနီး |
| ကျေးရွာအုပ်စု | လူသားအနီး |
| အစည်းအဝေးပြုလုပ်သည့်နေရာ | သုန်းအောက်ကြီးကျေးရွာ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၁၃း၂း၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာ စီမံကိန်း မိတ်ဆက်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၉၃)ဦး ၊မ (၁၇)ဦး= (၁၁၀) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ "ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိရန် ကျေးရွာ တောင်းဆိုထားမှုများအား သိရှိရန်

ဆွေးနွေးချက်။ "ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ လူထုဗဟိုပြု စီမံကိန်းသည် ရန်ကုန်တိုင်းတွင် ၂၀၁၆/၁၇ ခုနှစ်တွင် ကျောက်တန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ် (၂) မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် ကျေးရွာလူထုမှ စီမံကိန်းလုပ်ငန်း လုပ်ဆောင်ရာတွင် စီမံကိန်းနှစ် (၄) နှစ်လုံး ရန်ပုံငွေထောက်ပံ့ ငွေ ထောက်ပံ့ပေးသွားမည် ဖြစ်သောကြောင့် ကျေးရွာလူထုမှ ဝိုင်းဝန်းကူညီ လက်တွဲဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက်။ "လူထုဗဟိုပြု စီမံကိန်းမှ ဝန်ထမ်းများဖြစ်သော လက်ထောက် နည်းပညာမှူး ဦးထက်ဝေပိုင်နှင့် လူထုစည်းရုံးရေးမှူး ဒေါ်ကေးကေးမြင့်တို့မှ မိတ်ဆက်ခဲ့ပါသည်။ စီမံကိန်း မိတ်ဆက်ရန်အတွက် မြန်မာနိုင်ငံတွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် (၃) မြို့နယ်ဖြင့် စတင်ခဲ့ပြီး ၂၀၁၄

ခုနှစ်တွင် မြို့နယ် (၆) မြို့နယ်၊ ၂၀၁၅ ခုနှစ်တွင် (၁၈) မြို့နယ် နှင့် ၂၀၁၆ ခုနှစ်တွင် (၃၃) မြို့နယ် စုစုပေါင်း (၅၇) မြို့နယ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ပုံငွေအား ကမ္ဘာ့ဘဏ်မှ ချေးငွေအဖြစ် ထောက်ပံ့ပေးခဲ့ပါသည်။ ယင်းချေးငွေအား ကျေးရွာလူထုမှ ပြန်ဆပ်ရန်မလိုဘဲ မြန်မာနိုင်ငံ အစိုးရမှ ပြန်ဆပ်ရမည်ဖြစ်ပါသည်။ စီမံကိန်းနှစ်ကာလ (၆) နှစ် ဆက်တိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယခုထပ်ပြီး စီမံကိန်းမှ အစည်းအဝေးပြုလုပ်ပါက အိမ်ထောင်စု ၁၀၀ ရှိလျှင် ၅၀ အိမ်ထောင်စုတက်မှ ၅၀% တက်မှ၊ လူထုစုပေါင်း၌ အိမ်ထောင်စုရှိပါကလဲ ၅၀% တက်မှ အစည်းအဝေး ကိုကျင်းပ ပြုလုပ်ရမည် ဖြစ်ပါသည်။

**ဆွေးနွေးချက်။** ။ စီမံကိန်းမိတ်ဆက် အချက် (၁၅) ချက် / စီမံကိန်းစက်ဝန်း / တာဝန်ရှိသူ အဝရှိသဖြင့် ကျေးရွာလူထု အားလည်းရှင်းပြခဲ့ပါသည်။

**ဆွေးနွေးချက်။ ဆုံးဖြတ်ချက် သဘောတူညီချက်** ။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရန်အတွက် စေတနာ့ဝန်ထမ်း ထားရှိရန် အချက်များနှင့် စေတနာ့ဝန်ထမ်း လုပ်ဆောင်ရမည့် အချက်များအား ရှင်းပြခဲ့ပါသည်။ စေတနာ့ဝန်ထမ်းထားရှိပုံကို ရှင်းပြပြီး ကျေးရွာလူထုအား စေတနာ့ဝန်ထမ်း ဘယ်နှစ် ယောက် ထားရှိရန် မေးရာတွင် (၄) ယောက် ထားရှိရန် အစည်းအဝေး တက်ရောက်သူများမှ သဘောတူညီခဲ့ကြ ပါသည်။

၄ယောက်ထား ရှိပါက အမျိုးသား (၂)ယောက်၊ အမျိုးသမီး
(၂)ယောက်ထား ရှိရင် ဆွေးနွေးရာထား ရှိပါကလဲ အမျိုးသား
(၄)ယောက်၊ အမျိုးသမီး (၄)ယောက် အသိပြု၍ ဖဲပေးဆုံးဖြတ်
ခဲ့ကြပါသည်။ အမျိုးသား (၂)ယောက်မှာ - ဦးသူရဇော်မြင့်
ဦးဆန်းဝေ၊ အမျိုးသမီး (၂)ယောက်မှာ - ဒေါ်လွင်ချိုနှင့်
ဒေါ်သစ်ငယ်ထူးဝေ တို့ကို ရွေးချယ် ရရှိခဲ့ကြပါသည်။

ဆွေးနွေးချက်။

" တို့ရွာက PRA ဒေါ် လူမှုဆိုင်ရာစစ်ချက်ခေါင်းစဉ်(၆)ခု၏
ရည်ရွယ်ချက်အား ရှင်းလင်းကာ လူမှုအရေးအမြဲပြမြေပုံ၊
ရာသီဥတုပြ ပြက္ခဒိန်၊ ဥက္ကာဓ အဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ်
ထိန်းချုပ်မှု အသုံးပြုမှု၊ ဇစ်မြစ်ခွဲ ကူညီသူ ဆုံးဖြတ်ချက်ပုံကား
ကျေးရွာလူထုမှ ကူညီရှာဖွေ ရေးဆွဲခဲ့ကြပါသည်။
ရေးဆွဲပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်အေးအေးမြင့်
လူထုစည်းရုံးရေးမှူး၊

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ကျေးရွာ ကုလားတန်း

ကျေးရွာအုပ်စု ကုလားတန်း

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၁၅.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ဆွေးနွေးခြင်း၊ ဒုတိယ ကော်မတီရွေးချယ်ခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၅၃)ဦး ၊မ (၇၇)ဦး= (၁၃၀) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာ၏ စီမံကိန်း လုပ်ငန်းစဉ်များ ပေါ်ထွက်ရန် ၊ စီမံကိန်း လုပ်ငန်းများ အား စီမံခန့်ခွဲမည့် ကော်မတီဝင်များ အား ရွေးကောက်ရန်။

ဆွေးနွေးချက် ။ ။ အမျိုးသားများနှင့် အမျိုးသမီးများ အား သီးသန့် ခွဲ၍ ကျေးရွာအတွင်း လိုအပ်သော အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အမျိုးသားများ၏ လိုအပ်ချက် လုပ်ငန်းများ အား ဝိုင်းရေးကြာ တွင် လိုအပ်ချက် လုပ်ငန်းများ ထွက်ရှိခဲ့ပြီး ထွက်ရှိခဲ့သော လုပ်ငန်းများ အား မဲပေးပြီး ဦးစားပေး လုပ်ငန်း အဖြစ် အဆင့် (၁, 2, ၃, 4, 5 ...) အလိုက် သတ်မှတ်၍ အောက်ပါအတိုင်း ဦးစားပေး လုပ်ငန်းများ ရရှိခဲ့ပါသည်။

ဆုံးဖြတ်ချက် ။ ။ အဆင့် စီမံကိန်း ရှုပ်ပုံကွဲ များ

သဘောတူညီချက်

(၁) ဘုရားပတ်လမ်း ကွန်ကရစ်ခင်းခြင်း
(၂) ဘုန်းကြီးကျောင်းလမ်း
(၃) ရေကန်တူးဖော်ခြင်း
(၄) ကျန်းမာရေး ဆရာဝန်ခေါ်ခြင်း
(၅) ရေနုတ်မြောင်း
(၆) ကျောက်ခြံ စည်းရိုး
(၇) ရေကန်ဝိုင်းချဲ့ ပြုပြင်ရေး
(၈) ဘုရားဆင်း ဆက်လမ်း (ကတ္တရာလမ်းသို့)
(၉) စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း
(၁၀) ဆေးပေးခန်းတိုးချဲ့ရန်
(၁၁) လက်ချုပ်၊ ကော်ပြားကာ၊ လက်ထိုးပန်းထိုး သင်တန်း
(၁၂) စိုက်ပျိုးရေး နည်းပညာ
(၁၃) စာသင်ကျောင်း ပရိဘောဂပစ္စည်း
(၁၄) စပါးမျိုး ကောင်း မျိုးသန့်
(၁၅) မွေးမြူရေး မျိုးပွား
(၁၆) အလုပ်အကိုင် အခွင့်လမ်း

အစဉ်လိုက်ဖြင့် ကျေးရွာလူထု မဲပေး၍ ဆုံးဖြတ်ခဲ့ကြပါသည်။

ဆွေးနွေးချက် ဆုံးဖြတ်ချက် ။
သဘောတူညီချက်

။ ထို့နောက်တွင် လူထုစုစည်းရုံးရေးမှူး ဒေါ်အေးအေးမြိုင်မှ စိုက်ကွင်းတွင် အကျိုးဝင်သော မျိုးစေ့များ နှင့် အကျိုးမဝင်သော မျိုးစေ့များကို သတ်မှတ်ပေးခဲ့ပါသည်။ ထို့နောက် အကျိုးမဝင်သော မျိုးစေ့များကို ကျေးရွာဖွံ့ဖြိုးရေးတာဝန်ခံထံသို့ ထည့်သွင်းထားမည်ဖြစ်ပြီး NGO အဖွဲ့အစည်းများ၊ အလှူရှင်များ ဝင်ရောက်ပါက ကျေးရွာတာဝန်ခံ အား ကြည့်ရှု မျိုးစေ့များအား မျှဝေဆောင်သွားမည် ဖြစ်ပါသည်။ အကျိုးဝင်သော မျိုးစေ့ အဆင့်ဆင့်ကို လူထုမှ ပြန်လည်စိုက်ပျိုးမှု (၄) နှစ်တာကာလအတွင်း တောင်သူများ ရိုးရာမျိုးစေ့ ပြန်လည်ရရှိပြီး အဆိုး အကောင်း အထည်ဖော်သွားမည်ဟု တင်ပြဆွေးနွေးသွားပါသည်။

ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်။
သဘောတူညီချက်

။ ထို့နောက် ဆက်လက်၍ ဒေါ်အေးအေးမြိုင် (လူထုစုစည်းရုံးရေးမှူး) မှ စိုက်ကွင်းလုပ်ငန်း ခွဲများအား လူထုကိုယ်စား လုပ်ကိုင်သော ကျောက်ဖိုကျိုးဦး မှ ကျေးရွာကော်မတီများ ရွေးချယ်မည် ဖြစ်ကြောင်းကို ကျေးရွာ လူထုအား အသိပေး ပြောကြားခဲ့သည်။ ထို့နောက် ကော်မတီဝင် ရွေးချယ်မည့်သူများ၏ ကျွမ်းကျင်ဘွဲ့အရည်အချင်း တာဝန်နှင့် ဝတ္တရားများ၊ ဆောင်ရွက်ရမည့်များကို ဆွေးနွေးတင်ပြ ခဲ့သည်။ ထို့နောက် ကော်မတီဝင်များအား ပွင့်လင်းမြင်သာမှု ရှိသော ဆန္ဒမဲပေးစနစ်ဖြင့် မဲပေးရွေးချယ်ခဲ့ရာ ကျေးရွာ ခေါင်းဆောင်အဖြစ် ဦးဘဝင်း နှင့် ဒေါ်သဲနုဖော်၊ ကျေးရွာ ငွေတာရင်းကိုင်အဖြစ် ဒေါ်နှင်းယုရွှေ၊ ဝယ်ယူရေးဆယ် ကော်မတီဝင်အဖြစ် ဦးသန့်ဇင်ဝင်း၊ ဦးဝင်းမိုင်၊ ဒေါ်ပြည့်ဖြိုး ဆောင်ကြည့်ကြီး ကြပ်ရေးဆယ်ကော်မတီအဖြစ် ဦးသောင်းဟန်၊ ဒေါ်တင်မြင့်၊ ဒေါ်ခင်ပိုက်၊ လုပ်ငန်းထိန်းသိမ်းရေးဆယ်ကော်မတီ တွင် ဦးကျော်သူရ၊ ဦးခင်ရွှေ၊ ဒေါ်မေသူ၊ မေတ္တာကြောင့်ပြုလုပ်မည့် မျိုးအဖွဲ့ဝင်တွင် ဦးထွန်းမြင့်၊ ဒေါ်ခင်မျိုးနွယ် တို့မှ

ဆွေးနွေးချက် ။
ဆုံးဖြတ်ချက်
သဘောတူညီချက်

။ သက်ဆိုင်ရာ ကဏ္ဍအလိုက် လူထုမှ မဲပေးပြီး ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဝင်များ အဖြစ် ကျေးရွာလူထုမှ သတ်မှတ်ခဲ့ကြသည်။ ထို့နောက် ကော်မတီဝင်များကို စီမံကိန်း၏ ကော်မတီ ကျင့်ဝတ်များ ဆောင်ရန် ရှောင်ရန်များကို လူထုရှေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည် ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်အေးအေးမြိုင်မှ ကျေးရွာလူထုအား ကျေးဇူးတင် ကြောင်း ပြောကြား ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

မှတ်တမ်းတင်သူ

ဒေါ်အေးအေးမြိုင်
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊